# မိုးဝေမဂ္ဂဇင်းကဗျာများ(၁၉၆၈–၁၉၈၈)ကို စာပေဝေဖန်ရေးသစ်သဘောတရားအမြင်ဖြင့် လေ့လာချက်

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မောင်ဇော်ဝင်း

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မတ်လ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် မိုးဝေဂ္ဂစင်းကဗျာများ(၁၉၆၈–၁၉၈၈)ကို စာပေဝေဖန်ရေးသစ် သဘောတရားအမြင်ဖြင့် လေ့လာချက်ဖြစ်ပါသည်။ ဤကျမ်းတွင် အခန်း(၄)ခန်းခွဲ၍ တင်ပြထားပါသည်။ မြန်မာစာပေ ဝေဖန်ရေးနယ်ပယ် ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို ရှေ့ရှု၍ ကမ္ဘာ့စာပေဝေဖန်ရေး နယ်ပယ်ကို ဖြန့်ကျက်လေ့လာမှုပြုထားခြင်း ဖြစ်သည်။ ဤကျမ်းတွင် မြန်မာစာပေဝေဖန်ရေးသမိုင်းနှင့် ကမ္ဘာ့စာပေဝေဖန်ရေးသမိုင်းကြောင်း၊ ကမ္ဘာ့စာပေဝေဖန်ရေး၌ ထင်ရှားခဲ့သော စာပေဝေဖန်ရေးသီအိုရီများ၊ ကမ္ဘာ့စာပေအတွေးအခေါ် တို့၏ စတင်အခြေတည်ရာ ဂရိခေတ်ပလေတိုမှ စတင်လေ့လာမှုပြုထားပါသည်။ သီအိုရီအသီးသီး၏ တည်ထောင်သူ၊ သီအိုရီ၏သဘောတို့ကို တင်ပြထားပါသည်။ ဝေဖန်ရေးသစ်သီအိုရီ၏ သမိုင်းကြောင်းနှင့် သီအိုရီတည်ထောင်သူ၊ သီအိုရီ၏သဘောသဘာဝတို့ကို တင်ပြထားပါသည်။ ဝေဖန်ရေးသစ် သီအိုရီကိုအသုံးချကာ အလေ့လာခံမိုးဝေစာပေမဂ္ဂဇင်း(၁၉၆၈–၁၉၈၈)လာ ကဗျာများကို သုတေသနပြုထားပါသည်။ ဤသို့ သုတေသနပြုရာတွင် မိုးဝေစာပေမဂ္ဂဇင်းကဗျာ အသီးသီးကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ စာပေအနုပညာ စသည့်အခန်းငယ်များဖြင့် လေ့လာတင်ပြထားပါသည်။ သီအိုရီ၏သဘောသဘာဝအရ စကားလုံးတို့၏ အဖွဲ့အစွဲဆက်သွယ် လှုပ်ရှားပုံ၊ ထေ့လုံး၊ အလင်္ကာ၊ နိမိတ်ပုံ၊ သင်္ကေတ၊ ကာရန် စသည့်နယ်ပယ်ကန့်သတ်၍ သုတေသနပြုထားပါသည်။ ဤသို့ သုတေသနပြုခြင်းဖြင့် မြန်မာစာပေ ဝေဖန်ရေးနယ်ပယ်နှင့် ကမ္ဘာ့စာပေဝေဖန်ရေးနယ်ပယ်ကို ဆက်စပ်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။